SHAN
HUMAN RIGHTS FOUNDATION
www.shanhumanrights.org shanhumanrightsfoundation@gmail.com

# ရှမ်းလူ့အခွင့်အရေးမဏ္ဍိုင်မှ နောက်ဆုံးရ လူ့အခွင့်အရေး ချိုးဖေါက်မှု သတင်းထုတ်ပြန်ချက်

၂၀၂၂ ခုနှစ် ဧပြီလ ၁၉ ရက်

**ရှမ်းပြည်တောင်ပိုင်း နမ့်စန်မြို့တွင် တူးဖော်ရန်စီစဥ်နေသည့် ကျောက်မီးသွေးတွင်းအနီး၌ စစ်ကောင်စီတပ်မှ ဒေသခံ ပြည်သူများအား ကင်းတပ်စခန်းအသစ်တည်ဆောက်ပေးရန်အဓမ္မခိုင်းစေ**

၂၀၂၂ ခုနှစ် မတ်လကုန်ပိုင်းတွင် ရှမ်းပြည်တောင်ပိုင်းနမ့်စန်မြို့နယ် နောင်ဟီးကျေးရွာအုပ်စုမှ ဒေသခံပြည်သူ တစ်ရာကျော်တို့ကို စစ်ကောင်စီတပ်သားများက ကင်းတပ်စခန်းအသစ် တည်ဆောက် ပေးရန်အဓမ္မခိုင်း စေခဲ့ သည်။ထိုတပ်စခန်းအသစ်တည်နေရာမှာ မန္တလေးအခြေစိုက်ငွေရည်ပုလဲ ကုမ္ပဏီ၏ လက်အောက်ခံကုမ္ပဏီမှ အသစ် တူးဖော်ရန်စီစဥ်နေသည့်ကျောက်မီးသွေးတွင်းကြီးနှင့် ၁ မိုင်ခန့်သာကွာဝေးသည်။

မတ်လ ၂၉ ရက် ၃၀ ရက်များတွင် နမ့်မိုကျေးရွာမှ ကျေးရွာသူရွာသား ၁၀၆ ဦးတို့သည် နမ့်စန်မြို့ အရှေ့ မြောက်ဘက်မှ ၁၅ မိုင်ခန့်ကွာဝေးသော နောင်ဟီးကျေးရွာအုပ်စုကုန်းတီးရွာ မြောက် ဘက်တွင် စစ်ကောင်စီ ကင်း စခန်းအသစ်ကိုသွားဆောက်ပေးခဲ့ရသည်။ စစ်ကောင်စီတပ်သားများသည် ကျေးရွာသူရွာသားများအား ကတုတ် ကျင်းတူးခြင်း၊ သစ်ဝါးများခုတ်ခြင်း၊ ခြံစည်းရိုးကာစခြင်း အစရှိသည် တို့ကိုအဓမ္မခိုင်းစေခဲ့ကြသည်။

အဆိုပါကင်းတပ်စခန်းသည် နမ့်မိုဒေသခံပြည်သူလုံးဆာ၏ ယာမြေပေါ်တွင် သွားရောက်တည်ဆောက် ထား ခြင်း ဖြစ်ပြီး ထိုသို့သွားဆောက်ရာတွင် လည်းကြိုတင်အသိပေးခွင့်တောင်းခဲ့ခြင်းမရှိသည့်အပြင် မည်သည့်လျော်ကြေး ငွေကိုမှလဲပေးအပ်ခဲ့ခြင်းမရှိပေ။

မတ်လ ၂၃ ရက်နေ့တွင် ရှမ်းပြည်အရှေ့ပိုင်း ကျိုင်းတုံရွှေတြိဂံတိုင်စစ်ဌာနချုပ်လက်အောက်ခံ မိုင်းကန်းမြို့နယ် အခြေစိုက် ခလရ ၅၅၃ တပ်မှအင်အား ၃၅ ဦး ခန့်ပါရှိသောစစ်ကြောင်းသည် နမ့်စန်-ခိုလမ်ကားလမ်း မကြီး မှတစ်ဆင့် နောင်ဟီးကျေးရွာအုပ်စု ကွန်ဆိုင်း ကျေးရွာသို့ရောက်လာပြီး ကွန်ဆိုင်းကျေးရွာစာသင်ကျောင်းတွင် ည ပေါင်းများစွာ ညအိပ်ရပ်နားပြီးနောက် တိလင်ကျေးရွာတွင် ၁ ညအိပ်ကာ မတ်လ ၂၈ ရက်နေ့တွင် နမ့်မိုကျေးရွာ သို့ရောက်ရှိလာခဲ့သည်။ စစ်ကောင်စီတပ်သားများသည် နမ့်မိုကျေးရွာ ဘုန်းကြီးကျောင်းတွင် ညအိပ်ပြီး ထိုနေ့ည ၆ နာရီတွင် ကျေးရွာသူကြီးကိုခေါ်ယူ၍ နမ့်မိုကျေးရွာတွင်ရှိသော အိမ်ထောင်စုစာရင်းများကိုမေးမြန်းခဲ့သည်။ နမ့်မို ရွာ တွင်အိမ်ထောင်စု ၆၃ စုရှိရာ အိမ်ထောင်စုတစ်စုလျှင် တစ်ဦးကျ မဖြစ်မနေ၄င်းတို့တပ်စခန်းကိုသုံးရက် အ တွင်း တည်ဆောက်ပေးရန် ခိုင်းစေခဲ့သည်။သို့သော် ရွာသူရွာသားများမှ နှစ်ရက်အတွင်းလူ ၁၀၆ ဦးဖြင့် အပြီး လုပ်ရန် ဆုံးဖြတ်ခဲ့ကျသည်။

### ရှမ်းပြည်နယ် နမ့်စန်မြို့တွင်စစ်တပ်ကင်းစခန်းတည်ဆောက်ရန် အဓမ္မလုပ်အားပေးခိုင်းစေသော တည်နေရာ




မတ်လ ၃၁ ရက်တွင် စစ်ကောင်စီတပ်သားများသည် နမ့်မိုကျေးရွာဘုန်းကြီးကျောင်းမှ တပ်စခန်းအသစ် သို့ ပြောင်းရွှေ့ခဲ့ကြသည်။ အဆိုပါတပ်စခန်းသည်ခိုလမ်မြို့ရှိ စစ်ကောင်စီတပ်၏ အရှေ့အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် နှင့် မိုင်

နှစ်ဆယ်ခန့်သာကွာဝေးပြီး ယခုကဲ့သို့ စစ်ရေးတိုးချဲ့မှုအသစ်များကြောင့် ၄င်းတို့ဒေသတွင်း လူ့အခွင့်အ ရေးချိုး ဖောက်ခံရမှုများပိုမိုဆိုးရွားလာမည်ကိုစိုးရိမ်နေကြသည်။

၂၀၂၁ ခုနှစ်နိုဝင်ဘာလတွင်ထုတ်ပြန်သော စစ်ကောင်စီ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီး ဌာန၏ တစ်နိုင်ငံလုံးသယံဇာတတူးဖော်မှုခွင့်ပြုစာရင်းတွင် နမ့်စန်မြို့နယ် နောင်ဟီးကျေးရွာအုပ်စုတွင် တူးဖော် ရန်စီစဉ်နေသည့် စုစုပေါင်းဧက ၅၀၀ကျော် ကျယ်ဝန်းသည့် ကျောက်မီးသွေးတွင်း ၅ခုလည်းပါဝင်သည်။ အဆိုပါကျောက်မီးသွေးတွင်းအားလုံးသည် ငွေရည်ပုလဲ ကုမ္ပဏီ၏ လက်အောက်ခံ မန္တလေးဖြန့်ချီရေးနှင့် သတ္တုတူးဖော်ရေး ကုမ္ပဏီမှတူးဖော်ရန်ခွင့်ပြုချက်ရရှိထားခြင်းဖြစ်သည်။

ဒေသခံများ၏ပြောကြားချက်အရ ပြီးခဲ့သည့်လတွင် ကုမ္ပဏီတာဝန်ရှိသူများက နမ့်စန်မြို့အာဏာပိုင်များအား ကျောက် မီးသွေးစမ်းသပ်မှုများကိုမကြာမီစတင်တော့မည်ဟုအကြောင်း ကြားခဲ့ကြောင်းသိရသည်။

အသစ် တူးဖော်ရန်စီစဉ်နေသည့် ကျောက်မီးသွေးတွင်းဧရိယာသည် ဒေသခံတောင်သူလယ်သမားများ ၏အဓိကဝင်ငွေဖြစ်သောပြောင်းစိုက်ပျိုးရာယာမြေပေါ်တွင်တည်ရှိနေရာ ၄င်းတို့အတွက်အထူးစိုးရိမ် စိတ်များဖြစ်လာစေသောရင်း မြစ်ဖြစ်နေသည်။

စစ်ကောင်စီ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဦးစီးဌာန၏ ဝက်ဆိုက်၏ဖော်ပြချက်များအရ ငွေရည်ပုလဲသည် လက်ရှိတွင် ရှမ်းပြည်မြောက်ပိုင်း၏ အကြီးဆုံးကျောက်မီးသွေးတူးဖော်ထုတ်လုပ်သူဖြစ်ပြီး ၄င်းတို့၏ သီပေါ၊ တန့်ယန်းနှင့် မိုင်းရယ်မြို့များရှိကျောက်မီးသွေးတွင်းများသည် သဘာဝပတ်ဝန်းကျင်နှင့် ဒေသခံများ၏ ကျန်းမာရေးနှင့်လူနေမှုဘဝကိုပြင်းထန်စွာထိခိုက်ဖျက်ဆီးလျက်ရှိသည်။

မန္တလေးဖြန့်ချီရေးနှင့် သတ္တုတူးဖော်ရေး ကုမ္ပဏီသည် လက်ရှိတွင် ရှမ်းပြည်တောင်ပိုင်းရပ်စောက်မြို့တွင်လည်း အခြားကျောက်မီးသွေးတွင်းတခုကို တူးဖော်နေသည်။

**ဆက်သွယ်ရန်**


စိုင်းဟော်ရှဲန် +66 94-728-6696 (ရှမ်း၊ အင်္ဂလိပ်)

စိုင်းဆန်လွယ် +66: 88 680 4913 (ရှမ်း၊ မြန်မာ)